# Social Media နှင့် နိုင်ငံရေး

**ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်**

**အကျဉ်းချုပ်**

ဤစာတမ်းတိုတွင် Social Media ကဏ္ဍအနေဖြင့် နေ့စဉ်လူနေမှုဘဝအပေါ် အကျိုးသက်ရောက်မှုများသာမက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Social Media ၏အရေးပါမှုနှင့် နိုင်ငံတကာတွင် Social Media ကို အသုံးချ၍ နိုင်ငံရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေကြသည်ကို သာဓကများနှင့်တကွ ရေးသားတင်ပြထားပါသည်။ ယနေ့မျက်မှောက်ခေတ်ကာလ၌ မြန်မာနိုင်ငံတွင် Social Media ကို တွင်ကျယ်စွာအသုံးပြုလာကြပြီး နည်းပညာကိုခုတုံးလုပ်၍ ကျူးလွန်နေကြသည့် ရာဇဝတ်မှုများအား ကာကွယ်ရန်နှင့် အရေးယူဆောင်ရွက်ရန်အတွက် အစိုးရအနေဖြင့် ဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထို့အပြင် Social Media သုံးစွဲသူများအနေဖြင့် အားသာချက်/ အားနည်းချက်များကို လေ့လာဆန်းစစ်နိုင်ရန်နှင့် မှန်ကန်စွာအသုံးချနိုင်ရန် ရည်ရွယ်၍ ကိုးကားချက်များနှင့်တကွ ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

**သုတေသနစာတမ်းတိုအမှတ် (၃၆)**

**ရေးသားပြုစုသူ – ဒေါ်ခိုင်ဇင်ဝင်း၊ ဒေါ်ဇာခြည်ဦး**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂ |
| ၂။ | Social Media ဆိုသည်မှာ | ၂ |
| ၃။ | Social Media အမျိုးအစားများ | ၃ |
| ၄။ | Social Media ၏ အားသာချက်/ အားနည်းချက်များ | ၅ |
| ၅။ | နိုင်ငံရေးတွင် Social Media အသုံးပြုမှု | ၁၁ |
| ၆။ | နိုင်ငံရေးအပေါ် Social Media ၏အကျိုးသက်ရောက်မှုများ | ၁၂ |
| | (က) အမေရိကန်သမ္မတရွေးကောက်ပွဲနှင့် Social Media | ၁၃ |
| | (ခ) အာရပ်နွေဦး (Arab Spring) | ၁၅ |
| ၇။ | မြန်မာနိုင်ငံတွင် Social Media ပျံ့နှံ့မှုနှင့် ထိန်းချုပ်မှု | ၁၇ |
| ၈။ | မြန်မာ့လွှတ်တော်နှင့် Social Media | ၂၀ |
| ၉။ | နိုင်ငံရေးပါတီများနှင့် Social Media | ၂၁ |
| ၁၀။ | Social Media နှင့် ဆက်စပ်ဥပဒေများ | ၂၃ |
| ၁၁။ | အမြင်နှင့်သုံးသပ်ချက်များ | ၂၃ |
| ၁၂။ | နိဂုံး | ၂၅ |

**နိဒါန်း**

၁။ လူသားသမိုင်းစဉ်တစ်လျှောက် စက်မှုဆိုင်ရာဆန်းသစ်တော်လှန်ရေးခေတ်ကြီး (၄) ခေတ် ပေါ်ပေါက်ခဲ့ရာ သတင်းအချက်အလက်နည်းပညာသည် စတုတ္ထမြောက်တော်လှန်ခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် သတင်းအချက်အလက်စီးဆင်းမှုမြစ်ဖျားခံရာသည် အင်တာနက်နည်းပညာပင်ဖြစ်သည်။ အဆိုပါအင်တာနက်နည်းပညာတွင် လူမှုကွန်ယက်များသည် သတင်းအချက်အလက် လျင်မြန်စွာဖြန့်ဝေနိုင်ခြင်း၊ လူတန်းစားမရွေးသုံးစွဲနိုင်ခြင်းတို့ကြောင့် အချိန်တိုအတွင်း အများစု အသုံးပြုနေသောနည်းပညာတစ်ရပ်ဖြစ်လာခဲ့ပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင်သာမက နိုင်ငံရေး၊ စီးပွားရေးကဏ္ဍစုံတွင် လက်သုံးကိရိယာတစ်ခုအနေဖြင့် အသုံးပြုနိုင်သဖြင့် များစွာအသုံးဝင်သော နည်းပညာတစ်ရပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း လူမှုကွန်ယက်အသုံးပြုသူအရေအတွက် တိုးပွားလာလျက်ရှိရာ လူမှုကွန်ယက်ဆိုင်ရာအချက်အလက်များ၊ လူမှုကွန်ယက်နှင့်ကဏ္ဍများအကြား ဆက်နွယ်မှုများအား ပြုစုတင်ပြအပ်ပါသည်။

**Social Media ဆိုသည်မှာ**

၂။ Social Media **ဆိုသည်မှာ** အပြန်အလှန်အကျိုးသက်ရောက်မှုရှိခြင်း၊ အသုံးပြုသူ၏သတင်းအချက်အလက်မျှဝေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး လူမှုဆက်သွယ်ရေးများတည်မြဲစေခြင်းစသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသစ်များ စုပေါင်းထားသောကွန်ယက်တစ်ခုဖြစ်ပါသည်။[1] ဆိုရှယ်မီဒီယာကို များသောအားဖြင့် အောက်ပါအချက်ငါးချက်ဖြင့် အဓိပ္ပါယ်သတ်မှတ်နိုင်ပါသည်-

(က) လူမှုကွန်ယက်နှင့် လူမှုတုံ့ပြန်မှု (Social Networking and social interaction)၊

(ခ) ပူးပေါင်းပါဝင်ခြင်း(Participation)၊

(ဂ) မတူညီသောအထောက်အပံ့ပေးသူများ (Eg. Search engines and blog spaces, etc)၊

(ဃ) ပွင့်လင်းခြင်း (Openess)၊

[1] https://www.martenscentre.eu/sites/default/files/publication-files/social-media-and-politics-power-political-influence.pdf (Accepted date-13.5.2019)

( င) အသုံးပြုသူနှင့် အသုံးပြုသူအုပ်စုများအကြား အတူတကွပူးပေါင်းဆောင်ရွက်ခြင်း (Collaboration between users and user groups)။

**Social Media အမျိုးအစားများ**

၃။ လူသိများထင်ရှားသော **Social Media** အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်[2]–

**(က) Facebook ဆိုသည်မှာ** ဓာတ်ပုံများနှင့်ဗီဒီယိုများကို upload လုပ်ရန်၊ မိသားစု၊ မိတ်ဆွေ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ တစ်ဦးနှင့်တစ်ဦးအဆက်အသွယ်မပြတ်စေရန်နှင့် အသုံးပြုသူများ၏ကိုယ်ပိုင်အကြောင်းအရာများကို လွတ်လပ်စွာတင်ပြသုံးစွဲခွင့်ပြုထားသော လူမှုကွန်ယက်တစ်ခုဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ဖေ့စ်ဘွတ်အသုံးပြုသူ အရေအတွက် တစ်ဘီလီယံကျော်ရှိနေပြီး အများစုမှာ လူငယ်နှင့်သက်လတ်ပိုင်း အရွယ်များဖြစ်ကြပါသည်။ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်တည်ထောင်ခဲ့သော အမေရိကန်အခြေစိုက် Facebook လူမှုကွန်ယက်သည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်များအတွက် အကျိုးသက်ရောက်မှုများစွာရရှိနေပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ၏အင်တာနက်အသုံးပြုသူ ၉၀ ရာခိုင်နှုန်းကျော်မှာ Facebook အသုံးပြုနေကြပါသည်။[3]

**(ခ) Twitter ဆိုသည်မှာ** Tweet ဟုခေါ်သော အသုံးပြုသူများကို အကြောင်းအရာအတိုများ၊ စာတိုများကို ထုတ်လွှင့်ပြသနိုင်ရန် ခွင့်ပြုထားသော ဘလော့စာမျက်နှာတစ်ခုဖြစ်ပါသည်။ Twitter ကို နိုင်ငံရေးကိစ္စများတွင်လည်း အသုံးပြုနိုင်ပါသည်။ ကမ္ဘာပေါ်တွင် Twitter အသုံးပြုသူမှာ သန်း ၃၀၀ ကျော်ရှိနေပါသည်။ Twitter အား အမေရိကန် online သတင်းနှင့် Social Media အနေဖြင့် ၂၀၀၆ ခုနှစ်၊ မတ်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အင်တာနက်အသုံးပြုသူ ၂ ရာခိုင်နှုန်းခန့်သာ Twitter အသုံးပြုလျက်ရှိပါသည်။[4] Twitter အား တွင်ကျယ်စွာအသုံးပြုနေသူများထဲတွင် လက်ရှိအမေရိကန်သမ္မတ Donald Trump တစ်ဦးအပါအဝင်ဖြစ်ပါသည်။

---

2 https://whatis.techtarget.com/definition/social-media (Accepted date- 13.5.2019)

3 Social media development Myanmar – SMDM (Accepted date -12.5.2019)

4 https://whatis.techtarget.com/definition/social-media (Accepted date -7.5.2019)

(ဂ) **Google+ ဆိုသည်မှာ** Google ၏လူမှုကွန်ယက်စီမံကိန်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ၎င်း website သည် အသုံးပြုသူအသစ်များကို ဆက်လက်ခွင့်ပြုရန် အစီအစဉ်မရှိတော့သည့်အပြင် အခြားကျန်ရှိနေသောအကောင့်များကို ၂၀၁၉ ခုနှစ်တွင်ပိတ်သိမ်းရန် စီစဉ်လျက်ရှိပါသည်။

(ဃ) **Wikipedia ဆိုသည်မှာ** Wikipedians ဟုခေါ်သော အသုံးပြုသူများ လွတ်လပ်စွာပူးပေါင်းဆောင်ရွက်တည်ထောင်ပြုစုထားသော စွယ်စုံကျမ်းတစ်ခုပင်ဖြစ်ပါသည်။ **Wikipedia** ကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ပါသည်။[5]

(င) **LinkedIn ဆိုသည်မှာ** စီးပွားရေးဆိုင်ရာအချက်အလက်များကို ပြုစုရေးသားနိုင်သော လူမှုကွန်ယက်ဘလော့ဂ်တစ်ခုဖြစ်ပါသည်။ **LinkedIn** ၏ရည်ရွယ်ချက်မှာ မှတ်ပုံတင်ထားသော အဖွဲ့ဝင်များကို အသက်မွေးဝမ်းကြောင်းဆိုင်ရာကိစ္စရပ်များတွင် စီးပွားရေးပညာရှင်များ၏ သတင်းအချက်အလက်စာရွက်စာတမ်းများ ဖြန့်ဝေနိုင်ရန်ရည်ရွယ်ပါသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် စီးပွားရေးနှင့်အလုပ်အကိုင်များအတွက် **LinkedIn** လူမှုကွန်ယက်ကို အသုံးပြုနေသော လူဦးရေသန်း ၆၀၀ ကျော်ရှိပါသည်။ ၂၀၀၃ ခုနှစ်၊ မေလတွင် စတင်အသက်ဝင်လာသော **LinkedIn** လူမှုကွန်ယက်သည် အသက်မွေးဝမ်းကြောင်းနှင့် လူမှုဘဝအခြေအနေများ မြင့်မားတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေနေသောလူငယ်များအတွက် အသုံးဝင်သော **Social Media** တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။[6]

(စ) **YouTube ဆိုသည်မှာ** အင်တာနက်၏ဦးဆောင်လမ်းပြဗီဒီယိုဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် ဝင်ရောက်ကြည့်ရှုသူပေါင်း ၅၀ မီလီယံနှင့်အတူ လျင်မြန်စွာတိုးတက်လာခဲ့ပါသည်။ ယခုအခါ YouTube တွင် ဗီဒီယိုပေါင်း ၅ မီလီယံကျော်ကို နေ့စဉ်ကြည့်ရှုလျက်ရှိပါသည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်တည်ထောင်ခဲ့သော YouTube ကို Google ကဝယ်ယူထား

---

5 https://whatis.techtarget.com/definition/social-media (Accepted date-12.5.2019)

6 Social media development Myanmar – SMDM (Accepted date-2.5.2019)

ခြင်းလည်းဖြစ်ပါသည်။ ဘာသာစကားအခက်အခဲရှိသူများအနေဖြင့်လည်း YouTube တွင်ဗီဒီယိုများမှတစ်ဆင့် သင်ခန်းစာများသင်ယူလေ့လာနိုင်သလို မိမိ၏ကျွမ်းကျင်မှုများ၊ စွမ်းရည်များကိုလည်း ဗီဒီယိုရိုက်ကူးမှုများပြုလုပ်ပြီး မျှဝေနိုင်ပါသည်။ YouTube အသုံးပြုသူများသည် ဖျော်ဖြေရေးအစီအစဉ်များထက် နိုင်ငံရေးဆိုင်ရာအကြောင်းအရာများကို ပိုမိုဦးတည်ကြည့်ရှုကြပါသည်။




ပုံ (၁) လူသိများသော Social Media blog များ

**Social Media ၏အားသာချက်/အားနည်းချက်များ**

၄။ လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ Social Media သည် အံ့သြဖွယ်ကောင်းလောက်သည့် အတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လာခဲ့သည်။ အဓိကအားဖြင့် Facebook နှင့် Twitter သုံးစွဲမှုမှာ နှစ်အနည်းငယ်အတောအတွင်း၌ပင် လူဦးရေသန်းပေါင်းများစွာ သုံးစွဲခဲ့သည်ကိုတွေ့ရှိရပါသည်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ ၎င်း၏အားသာချက်ပေါင်းများစွာကို လူမှုပတ်ဝန်းကျင်တွင် ရရှိနိုင်မည်မှာလည်း မလွဲဧကန်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် Social Media ကို လူမှုဘဝအား မြှင့်တင်ရန်နှင့် လူသားတို့၏စိတ်ခံစားချက်များကို ဖော်ပြနိုင်ရန်အတွက် အသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။

၅။ သို့သော် အခြားတစ်ဖက်၌ Social Media ၏အားနည်းချက်များဖြစ်သည့် ဆိုးကျိုးများစွာကိုပါ ခံစားကြရနိုင်ပါသည်။ အရာရာတိုင်းတွင် ကောင်းကျိုးနှင့်ဆိုးကျိုးဒွန်တွဲနေသကဲ့သို့ပင် Social Media

အား အသုံးပြုရာတွင်လည်း သုံးစွဲသူအပေါ်မူတည်ပြီး ကောင်းကျိုးနှင့်ဆိုးကျိုးနှစ်မျိုးစလုံးအား ရရှိခံစားကြရမည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ ဆိုးကျိုးများကိုပါ ရရှိကြရမည်ဖြစ်သည်။ Social Media အား အသုံးပြုခြင်း၏အားသာချက် (၉) ချက်ရှိပါသည်။ ၎င်းတို့မှာ-

(က) **ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း။** ချိတ်ဆက်ဆောင်ရွက်နိုင်မှုမှာ Social Media ၏ အရေးပါဆုံးသောအားသာချက်ဖြစ်ပြီး နေရာဒေသမရွေး Internet Access ရှိပါက ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် မိမိတို့၏အတွေးအမြင် အယူအဆများကိုလည်း တစ်ပါးသူတို့အား မျှဝေတင်ပြနိုင်သည့်နေရာလည်းဖြစ်ပါသည်။

(ခ) **ပညာရေး။** Social Media သည် ဆရာများအတွက်သာမက ကျောင်းသား/ကျောင်းသူများအတွက်ပါ ကောင်းကျိုးများစွာပေးစွမ်းနိုင်ပါသည်။ Social Media ကို အသုံးပြု၍ သက်ဆိုင်ရာပညာရေးနယ်ပယ်၏ ကျွမ်းကျင်ပညာရှင်များထံမှ လွယ်ကူစွာသင်ယူလေ့လာနိုင်ပြီး မိမိတို့၏အသိအမြင်ဗဟုသုတများကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ မည်သည့်ပညာရေးအဆင့်အတန်းနှင့် နေရာဒေသတွင်မဆို အဖိုးအခပေးရန်မလိုဘဲ သင်ယူနိုင်သည်။

(ဂ) **အကူအညီများ။** မိမိတို့၏အကြောင်းအရာ၊ အဖြစ်အပျက်များကို အကူအညီရရှိနိုင်ရန်အတွက်လည်း လူမှုကွန်ယက်တွင်မျှဝေနိုင်ပါသည်။ မိမိတို့ချိတ်ဆက်ထားသူများထံမှလည်း ငွေကြေးအကူအညီဖြစ်စေ၊ အကြံဉာဏ်ဖြစ်စေ လက်ခံရယူနိုင်မည်ဖြစ်သည်။

(ဃ) **သတင်းအချက်အလက်နှင့် တိုးတက်မှုများ။** Social Media ၏အဓိကအားသာချက်မှာ ကမ္ဘာပေါ်တွင် နောက်ဆုံးဖြစ်ပျက်နေသည့် အကြောင်းအရာများကိုကြည့်ရှု၍ သုံးစွဲသူများအနေဖြင့်လည်း အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် သတင်းမီဒီယာများမှ ထုတ်လွှင့်သည့်သတင်းအချက်အလက်များမှာ အများအားဖြင့် ဘက်လိုက်မှုနှင့်မှန်ကန်မှုမရှိသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့်

Social Media ကိုအသုံးပြုခြင်းဖြင့် မှန်ကုန်တိကျသည့်သတင်းအချက်အလက်များကို ရှာဖွေရယူနိုင်ပါသည်။

(င) **ပရဟိတနှင့်လူမှုရေး။** Social Media ကိုအသုံးပြုခြင်းဖြင့် NGO အဖွဲ့အစည်းများပိုမိုတိုးပွားလာစေနိုင်ပြီး အမှန်တကယ်အကူအညီလိုအပ်နေသူများအား လူမှုရေးကူညီလှုပ်ရှားမှုများနှင့်လှူဒါန်းမှုများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ပါသည်။

(စ) **နားလည်သဘောပေါက်ခြင်း။** တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝနေထိုင်မှုကို အဆင့်မြှင့်တင်နိုင်ရန်အတွက် Social Media မှတစ်ဆင့် နားလည်သဘောပေါက်မှုကို တင်ပြနိုင်ပြီး ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သဖြင့် လူမှုပတ်ဝန်းကျင်တွင်လည်း အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်သည်။

(ဆ) **ရာဇဝတ်မှုများကိုတိုက်ထုတ်နိုင်ရန် အစိုးရနှင့်အဖွဲ့အစည်းများအား ကူညီနိုင်ခြင်း။** ရာဇဝတ်မှုများစွာကို စုပေါင်းတိုက်ထုတ်နိုင်ရန်အတွက် အစိုးရနှင့် လုံခြုံရေးအဖွဲ့များကို အကူအညီပေးနိုင်ခြင်းမှာလည်း Social Media ၏အားသာချက်တစ်ရပ်ဖြစ်ပါသည်။

(ဇ) **စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း။** Social Media သည် စီးပွားရေးလုပ်ငန်းများကို ကျဆုံးစေနိုင်သည်သာမက ရောင်းအားများမြင့်တက်လာစေပြီး လုပ်ငန်းကိုလည်း ဖွံ့ဖြိုးကျယ်ပြန့်လာစေနိုင်ကြောင်းတွေ့ရှိရပါသည်။ ကုမ္ပဏီတစ်ခု၏ စီးပွားရေးအပေါ် သုံးစွဲသူတို့၏ကောင်းမွန်သည့်ဝေဖန်သုံးသပ်ချက်များနှင့် ပြန်လည်ဝေမျှပေးမှုများက ရောင်းအားနှင့်နာမည်ကျော်ကြားမှုတို့ကို ဖော်ဆောင်ပေးနိုင်သည်ကိုတွေ့ရပါသည်။ သုံးစွဲသူတို့သည် Social Media တွင် ကောင်းမွန်သည့် ရည်ရွယ်ချက်၊ စကားလုံးအသုံးအနှုန်းများဖြင့် ၎င်းတို့အလိုရှိသည်ကို လွတ်လပ်စွာကူးယူဖော်ပြနိုင်ခြင်းမှာလည်း အားသာချက်တစ်ရပ်ဖြစ်ပါသည်။ Social Media တွင် တစ်ကမ္ဘာလုံးနှင့် ပုံမှန်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် မိမိ၏စီးပွားရေးလုပ်ငန်းအား

အဆင့်မြင့်တင်နိုင်ပြီး ကြော်ငြာခမလိုဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့် အကျိုးအမြတ်ရရှိစေနိုင်မည်ဖြစ်သည်။

(ဈ) **လူ့အဖွဲ့အစည်းများအကြား ဆက်ဆံရေးအားအထောက်အကူပြုခြင်း**။ ကမ္ဘာပေါ်တွင် မတူကွဲပြားသည့်ဘာသာရေးနှင့် ယုံကြည်မှုအမျိုးမျိုးရှိကြရာ Social Mediaမှ လူသားတိုင်းအတွက် ၎င်းတို့၏ယုံကြည်ကိုးကွယ်သည့်ဘာသာတရားများနှင့် မတူညီသည့်လူမှုပတ်ဝန်းကျင်များအကြောင်းကို ဆွေးနွေးလေ့လာသင်ယူနိုင်ရန်အတွက် လူမှုကွန်ယက်တစ်ခုအား ဖန်တီးပေးထားပါသည်။ ဥပမာအားဖြင့် Game ဆော့ရသည်ကိုနှစ်သက်မြတ်နိုးသူများအတွက် Game နှင့်သက်ဆိုင်သည့်နယ်ပယ်၊ ကားမြတ်နိုးသူတို့အတွက် ကားနှင့်သက်ဆိုင်သည့်နယ်ပယ်များနှင့် သုံးစွဲသူတို့လိုအပ်မှုအပေါ် အခြေခံထားသည့် သက်ဆိုင်ရာနယ်ပယ်များစွာအား Social Media တွင်တွေ့ရှိရမည်ဖြစ်သည်။

၆။ Social Media တွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များကိုလည်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) **နည်းပညာကိုခုတုံးလုပ်၍အနိုင်ကျင့်ခြင်း (Cyberbullying)**။ PewCenter.org မှ ရေးသားပြုစုတင်ပြထားသည့်အစီရင်ခံစာအရ လွန်ခဲ့သောနှစ်များအတွင်း ကလေးအများစုမှာ Cyberbullying ကိုခံစားကြရသည့်သားကောင်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ မည်သူမဆို Account အတုများဖန်တီးပြီး နောက်ကြောင်းကင်းရှင်းစွာဖြင့် ၎င်းတို့အလိုရှိသည်ကို ပြုလုပ်နိုင်ကြသည့်အတွက် အင်တာနက်တွင် သုံးစွဲသူတိုင်း အနိုင်ကျင့်ခြင်းကို ခံစားရနိုင်ပါသည်။ လူမှုကွန်ယက်တွင် ခြိမ်းခြောက်မှုများ၊ သတင်းတုများနှင့် ကောလာဟလများကိုပေးပို့ခြင်းဖြင့် သုံးစွဲသူတို့ကိုအနှောင့်အယှက်ပြုနိုင်ပါသည်။ Cyberbullying ဖြစ်ရပ်များအား လေ့လာကြည့်မည်ဆိုပါက မိမိကိုယ်ကိုအဆုံးစီရင်မှုများအထိ ဖြစ်ပေါ်စေသည်ကိုလည်း တွေ့ရှိရပါသည်။

(ခ) **Hacking**။ Social Media တွင် ကိုယ်ပိုင်သတင်းအချက်အလက်များနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို အလွယ်တကူရယူနှောင့်ယှက်နိုင်ပြီး ကူးယူဖော်ပြ

နိုင်ပါသည်။ ၎င်းတို့၏အကျိုးဆက်များအဖြစ် စီးပွားရေးဆုံးရှုံးမှုများ၊ ဂုဏ်သိက္ခာနှင့် လူ့ဘဝကိုပါဆုံးရှုံးရသည်အထိ ဖြစ်ပေါ်လာနိုင်ပါသည်။ အလားတူပင် သုံးစွဲသူတို့၏ ကိုယ်ပိုင် Account များမှ သက်သေခံအထောက်အထားများကို ခိုးယူသူများကြောင့် စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အဆိုပါအချက်များမှာ Social Media ကိုသုံးစွဲသူတိုင်း သတိပြုရမည့်အားနည်းချက်တစ်ရပ်ဖြစ်ပါသည်။

(ဂ) **အလွန်အမင်းစွဲလမ်းနှစ်သက်ခြင်း (Addiction)**။ Social Media ကိုအလွန်အမင်း စွဲလမ်းနှစ်သက်ခြင်းမှာလည်း အနှောင့်အယှက်ပေးနိုင်သည့် ဆိုးရွားသောအချက် တစ်ချက်ဖြစ်ပါသည်။ ၎င်းအချက်အား လူငယ်အများစုခံစားကြရပြီး ကိုယ်ပိုင်လုပ်ဆောင် နိုင်မှုနှင့် စွမ်းရည်များကိုဆုံးရှုံးကြရကာ လူမှုပတ်ဝန်းကျင်နှင့် ပြတ်တောက်သွားကြ သည်ကို တွေ့ရှိရပါသည်။

(ဃ) **လိမ်လည်လှည့်ဖြားခြင်း (Fraud and Scams)**။ Social Media မှတစ်ဆင့်လိမ်လည် လှည့်ဖြားခြင်းဖြင့် ရာဇဝတ်မှုများကို ကျူးလွန်ကြသည့် အဖြစ်အပျက်များစွာကို တွေ့ရှိနိုင်ပါသည်။ မိမိတို့နိုင်ငံတွင်လည်း Social Media များမှတစ်ဆင့် လိမ်လည် လှည့်ဖြားခြင်းများ မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိပါသည်။

(င) **လုံခြုံရေးကိစ္စရပ်များ (Security Issues)**။ ယနေ့ခေတ်တွင် လုံခြုံရေးလုပ်ငန်းများသည် ကိုယ်ပိုင် Account များကို လိမ်လည်မှုများမှအကာအကွယ်ပေးနေသော်လည်း အင်တာနက်တွင် တစ်စုံတစ်ယောက်က မိမိ၏နာမည်၊ သို့မဟုတ် ဓါတ်ပုံဖြင့် Account အတုဖွင့်၍ ရာဇဝတ်မှုကျူးလွန်ခဲ့ခြင်းအတွက် စုံစမ်းစစ်ဆေးရေးအရာရှိမှ လာရောက် မေးမြန်းစစ်ဆေးမည်ဆိုပါက သုံးစွဲသူအနေဖြင့် အဆိုပါရာဇဝတ်မှုအား သိရှိခြင်းမရှိ သည့်အပြင် မည့်သည့်သက်သေမျှပေးနိုင်လိမ့်မည်မဟုတ်ပေ။

(စ) **မိမိ၏ဂုဏ်သိက္ခာ (Reputation)**။ Social Mediaတွင် မဟုတ်မမှန်သောအကြောင်း အရာများနှင့်သတင်းများကို ဖန်တီးဖြန့်ဝေခြင်းဖြင့် တစ်စုံတစ်ဦး၏ဂုဏ်သိက္ခာအား

အလွယ်တကူပျက်စီးသွားစေနိုင်ပါသည်။ အလားတူပင် အဆိုပါသတင်းမှားများကြောင့်လည်း မိမိ၏စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာသွားနိုင်ပါသည်။

(ဆ) **လိမ်လည်လှည့်စားခြင်းနှင့် ဆက်ဆံရေးကိစ္စရပ်များ (Cheating and Relationship Issues)**။ လူအများစုမှာ Social Media တွင် ချစ်ခွင့်ပန်ခြင်းနှင့် လက်ထပ်ခွင့်တောင်းခြင်းတို့အတွက် အသုံးပြုနေကြသည်ကို တွေ့ရှိရပါသည်။ သို့သော် အချိန်အနည်းငယ်ကြာပြီးနောက် ၎င်းတို့၏မှားယွင်းသောဆုံးဖြတ်ချက်များကြောင့် ဆက်ဆံရေးနှင့် အိမ်ထောင်ရေးပျက်စီးပြိုကွဲကြရပါသည်။ ထို့အတူ စုံတွဲများမှာလည်း တစ်ဦးအပေါ်တစ်ဦး မမှန်ကန်သောခံစားချက်များနှင့် သတင်းများဖြင့်လိမ်လည်လှည့်ဖြားနေကြသည်ကိုလည်း တွေ့ရှိရပါသည်။

(ဇ) **ကျန်းမာရေးကိစ္စရပ်များ (Health Issues)**။ Social Media ကိုအလွန်အကျူးသုံးစွဲမှုမှာလည်း ကျန်းမာရေးအပေါ် ဆိုးရွားသည့်ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။ လူအများစုမှာ Social Networking site များကို အလွန်အမင်းသုံးစွဲနေမှုကြောင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုအတွက် မဖြစ်မနေပြုလုပ်သင့်သည့် လေ့ကျင့်ခန်းများကို ပြုလုပ်ရန်ပျင်းရိနေတတ်ကြပါသည်။ အကျိုးဆက်အနေဖြင့် နေ့စဉ်ဘဝနေထိုင်မှုကို ကစဉ့်ကလျားဖြစ်စေပြီး ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်းတွေ့ရှိရပါသည်။

(ဈ) **Social Media ကြောင့်သေဆုံးမှုများ (Social Media causes death)**။ Social Media တွင် ရူးမိုက်သောစတန့်ပြကွက်များ၊ လူအများမှ ရထားပေါ်ခုန်တက်ပြသည့်ပြကွက်များနှင့် အခြားသောမလိုအပ်သည့်လုပ်ရပ်များကို ကြည့်ရှုခြင်းနှင့်ဖြန့်ဝေပေးခြင်းတို့မှာလည်း လူငယ်များကို လွဲမှားသောအားကျမှုဖြစ်ပေါ်စေပြီး အတုခိုးခြင်းဖြင့် သေဆုံးမှုများဖြစ်ပေါ်နေရသည်ကို တွေ့ရှိရပါသည်။

(ည) **စွဲမက်စေသည့် မူးယစ်ဆေးဝါးများ (Glamorizes Drugs and Alcohol)**။ Social Media ၏အားနည်းချက်တစ်ရပ်မှာ ချမ်းသာသောမူးယစ်ဆေးဝါးသုံးစွဲသူများကို Follow လုပ်ခြင်းနှင့် ၎င်းတို့၏ဗွီဒီယိုများကို Website တွင် ပြန်လည်ဖြန့်ဝေခြင်းများကြောင့်

အခြားသူများကိုလည်း အဆိုပါမူးယစ်ဆေးဝါးသုံးစွဲမှု၊ သုံးဖြန်းမှုများကို အားကျလိုက်နာစေနိုင်ခြင်းဖြစ်ပါသည်။

၇။ အထက်ဖော်ပြပါအချက်များမှာ လူမှုပတ်ဝန်းကျင်အတွက် Social Media ၏အားသာချက်နှင့် အားနည်းချက်များဖြစ်ကြပြီး Social Media အား မည်သည့်နည်းလမ်းများနှင့် ရည်ရွယ်ချက်များဖြင့် သုံးစွဲသင့်သည်ကို ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်သည်။[7]

**နိုင်ငံရေးတွင် Social Media အသုံးပြုမှု**

၈။ ကမ္ဘာလုံးဆိုင်ရာ Social Media အသုံးပြုမှုတိုးတက်လာခြင်းနှင့်အတူ သတင်းအချက်အလက်များကိုပိုမိုလက်ခံရရှိလာနိုင်ကြပြီး ပြည်သူလူထုအား အတွေးအမြင်၊ အယူအဆအသစ်များဖြင့် ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံရေးအသိုက်အဝန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် အထောက်အကူပြုနိုင်လာမည်ဟုမျှော်လင့်ရပါသည်။ အရပ်ဖက်လူ့အဖွဲ့အစည်း၏ လူသားအကျိုးစီးပွားဆောင်ရွက်ရေးနှင့်သက်ဆိုင်သောလှုပ်ရှားမှုများကို ဖြစ်မြောက်အောင်မြင်နိုင်စေရန်အတွက် Cyber နယ်ပယ်သည် အရေးပါလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း Social Media ကိုအသုံးပြု၍ ဖြစ်ပွားခဲ့သည့်နိုင်ငံရေးဆိုင်ရာအဖြစ်အပျက်များစွာရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Social Media တွင် အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ပါသည်။ အဆိုပါ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား အခြားသောမီဒီယာများထက် Facebook တွင် ပထမဦးဆုံး တွေ့မြင်ခဲ့ကြရပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ၏အမည်စာရင်းတင်သွင်းသည့် အတောအတွင်း ဒေသခံလှုပ်ရှားသူများနှင့် သတင်းထောက်များက ဒေသခံအုပ်ချုပ်သူများနှင့် အကြီးအကဲများထံသို့သွားရောက်ကာ ဆန္ဒမဲပေးမည့်သူများ၏နာမည်စာရင်းများစွာကို မှတ်တမ်းဓါတ်ပုံရယူခဲ့ကြပြီး ၎င်းတို့အား Facebook စာမျက်နှာတွင်ဖော်ပြကာ ဆန္ဒမဲရှင်တို့၏အမည်စာရင်းအား ပါ/မပါစစ်ဆေးကြည့်ရှုရန် တွန်းအားပေးခဲ့ကြပါသည်။ Facebook သည် ရွေးကောက်ပွဲအကြိုကာလအတွင်း အရေးပါသောအဖြစ်အပျက်များနှင့် လှုပ်ရှားမှုများစွာတို့၏ အဓိကဖော်ပြရာနေရာတစ်ခုဖြစ်

7 https://www.techmaish.com/advantages-and-disadvantages-of-social-media-for-society/ (Accepted date 6.5.2019)

လာခဲ့ပါသည်။ ပြည်သူလူထုအများအပြားသည် နိုင်ငံရေးကိုအလွန်ပင်ကြောက်ရွံ့ကြကြောင်း ၎င်းတို့၏ Facebook စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားကြသော်လည်း အချို့ပြည်သူများမှာမူ ၎င်းတို့၏မိတ်ဆွေများမှ ပြန်လည်ဝေမျှထားသည့် online ပေါ်ရှိ နိုင်ငံရေးအယူအဆများကိုကြည့်ရှုခြင်းဖြင့် အစိုးရအပေါ်မျှော်လင့်ချက်ထားရှိမှုများနှင့်စိတ်ပျက်မှုများကို ပိုမိုမြင်တွေ့လာနိုင်ကြောင်း သိရှိရပါသည်။[8]

## နိုင်ငံရေးအပေါ် Social Media ၏ အကျိုးသက်ရောက်မှုများ

၉။ Social Media သည် နိုင်ငံရေးနှင့်ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ အာဏာရပါတီများနှင့် အတိုက်အခံပါတီများသည် ၎င်းတို့၏မူဝါဒလမ်းစဉ်များနှင့်အမြင်များကို မျှဝေခြင်း၊ ပါတီထောက်ခံသူများနှင့်တိုက်ရိုက်ဆက်သွယ်ခြင်းနှင့် နိုင်ငံရေးနှင့်ဆိုင်သောအကြောင်းအရာများကို Social Media တွင်ဖော်ပြဆွေးနွေးကြပါသည်။ ကမ္ဘာ့နိုင်ငံများတွင် Social Media ကို အသုံးချပြီး နိုင်ငံရေးတွင်အောင်မြင်မှုရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့်အပြင် နိုင်ငံရေးဆန့်ကျင်တော်လှန်မှုများကို Social Media မှတစ်ဆင့် ထိန်းချုပ်မှုများလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာဓကအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် Marendra Modi သည် ၂၀၁၄ ခုနှစ်၌ Facebook လူမှုကွန်ယက်တွင် Follower အများဆုံးဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။ အမေရိကန်သမ္မတ Donald Trump သည် Twitter လူမှုကွန်ယက်မှတစ်ဆင့် (၄၅) ကြိမ်မြောက် အမေရိကန်နိုင်ငံသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး Xi Jinping သည် Weibo လူမှုကွန်ယက်မှတစ်ဆင့် လူထုထောက်ခံမှုတစ်ခဲနက်ရရှိခဲ့ပါသည်။ ဂျော်ဒန်ဘုရင်မ Rania သည်လည်း Twitter လူမှုကွန်ယက်မှတစ်ဆင့် လူထုထောက်ခံမှုအပြည့်အဝရရှိခဲ့သူတစ်ဦးဖြစ်ပါသည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Hun Sen သည် Facebook ကို နိုင်ငံရေးလက်နက်တစ်ခုအဖြစ်အသုံးချပြီး ကမ္ဘာ့အရှည်ကြာဆုံးသော ဝန်ကြီးချုပ်အဖြစ် နှစ်ပေါင်း (၃၂)နှစ်ကြာတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ အခြားသောနိုင်ငံများရှိ

---

[8] https://www.academia.edu/35809249/Social_media_Facebook_and_citizenship_in_Myanmar (Accepted date-7.5.2019)

နိုင်ငံရေးခေါင်းဆောင်များသည်လည်း အဓိကအားဖြင့် Social Media ကိုအသုံးချကာ အောင်မြင်မှု ရရှိသွားသည်ကိုလေ့လာခြင်းအားဖြင့် နိုင်ငံရေးတွင် Social Media ၏အင်အားကြီးမားပုံကို တွေ့မြင်နိုင်ပါသည်။ ၎င်းတို့အနက် ထင်ရှားကျော်ကြားသည့်နိုင်ငံရေးဖြစ်စဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-[9]

(က) **အမေရိကန်သမ္မတရွေးကောက်ပွဲနှင့်ဆိုရှယ်မီဒီယာ။** ၂၀၁၈ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုပ်မြင်သံကြားအစီအစဉ်များသည် အဓိကအရေးပါသောအရင်းအမြစ်များဖြစ်ကြသည်။ သို့သော်လည်း အွန်လိုင်းဖြင့်မဲပေးခြင်းသည် ဒုတိယရေပန်းအစားဆုံးဖြစ်ပြီး ရေဒီယို၊ သတင်းစာနှင့်ဒီဂျစ်တယ်စနစ်များဖြင့်မဲပေးခြင်းစနစ်များသည်လည်း လူသုံးများခဲ့ပါသည်။ အမေရိကန်သမ္မတရွေးကောက်ပွဲကာလအတွင်း မဲယှဉ်ပြိုင်သူများနှင့် ပြည်သူလူထုအတွက် လူမှုကွန်ယက်အသုံးပြုမှုသည် လွှမ်းမိုးလာခဲ့သည်။ ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် Facebook အသုံးပြုမှုနှုန်းသည် မယုံကြည်နိုင်လောက်အောင် ၁.၅၈၁ ဘီလီယံအထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အမေရိကန်သမ္မတရွေးကောက်ပွဲသည် Facebook တွင် လူပြောအများဆုံးဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ Facebook စာမျက်နှာပေါ်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်သောအကြောင်းအရာများကို Like လုပ်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ထင်မြင်ယူဆချက်များရေးသားခြင်းများရှိခဲ့ပါသည်။ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပြည်သူလူထု၏စကားသံများသည် ယှဉ်ပြိုင်အရွေးခံသူသမ္မတများအနက် Trump နှင့် Hillary Clinton တို့အကြောင်းမှာ ရေပန်းအစားဆုံးဖြစ်ခဲ့ပါသည်။ ၎င်းတို့နှစ်ဦးသည် တိုင်းပြည်တိုးတက်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။ ထို့ကြောင့် လူထုသည် မိမိတို့လက်ခံယုံကြည်သောသမ္မတလောင်းအပေါ် ၎င်းတို့၏ထင်မြင်ယူဆချက်များကို Social Media ပေါ်တွင်မျှဝေခြင်းဖြင့် ထောက်ခံမှုများပြုလုပ်ကြပါ

---

[9] https://www.redherring.com/social/top-politicians-social-media/ (Accepted date-29.5.2019)

သည်။[10] ၄၅ ကြိမ်မြောက်အမေရိကန်သမ္မတရွေးကောက်ပွဲတွင် Donald Trump ကို ရွေးချယ်တင်မြှောက်ရန် မဲပေးရွေးချယ်မှုစတင်ကတည်းက Facebook စာမျက်နှာမှတစ်ဆင့်မဲပေးနိုင်ရန် အချိန်အတော်ကြာခွင့်ပြုပေးခဲ့ရပါသည်။ ၎င်းအခြေအနေသည် Donald Trump ကို အောင်မြင်မှုအပြည့်အဝရရှိစေခဲ့ပါသည်။ **“အဓိကအချက်မှာ ကျွန်တော်သည် ရွေးကောက်ပွဲကာလအတွင်း Facebook၊ Twitter နှင့် Instagram များတွင် အချိန်တော်တော်များများအသုံးပြုပြီး မဲပေးစေခဲ့ပါသည်။ ၎င်းအချက်သည် ကျွန်တော့်အား ရွေးကောက်ပွဲတွင် အနိုင်ရစေသည်ဟုထင်မြင်မိပါသည်”** ဟု Donald Trump မှ CBS ၏မိနစ်ခြောက်ဆယ်ကြာမေးမြန်းမှုအစီအစဉ်တွင် ဖြေကြားသွားခဲ့ပါသည်။[11] အမေရိကန်သမ္မတရွေးကောက်ပွဲတွင် Donald Trump သည် Hillary Clinton ကဲ့သို့ ရွေးကောက်ပွဲတွင် နည်းပညာကိုအသုံးပြု၍ မဲဆွယ်စည်းရုံးသည့်အစီအစဉ်များနှင့် ကြော်ငြာစာကပ်ခြင်းများ ပြုလုပ်ခြင်းမရှိခဲ့သော်လည်း ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ပါသည်။ ပထမအကြိမ်မဲပေးခြင်းတွင် Donald Trump သည် Twitter မဲအရေအတွက် ၆၂ ရာခိုင်နှုန်းရရှိခဲ့ပြီး Hillary  Clinton သည် မဲအရေအတွက် ၃၈ ရာခိုင်နှုန်းသာရရှိခဲ့ပါသည်။ ဒုတိယအကြိမ်တွင် Donald Trump မှ ၆၄ ရာခိုင်နှုန်းရရှိခဲ့ပြီး Hillary Clinton သည် ၃၆ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း ပုံ(၂) တွင်တွေ့ရှိခဲ့ပါသည်။[12] ထို့နောက် Donald Trump က “လူမှုကွန်ယက်သည် ငွေကြေးထက်ပိုပြီးပါဝါရှိသည်” ဟုပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

10 https://www.plus1comms.com/the-effect-of-social-media-on-the-us-presidential-election/ (Accepted date-6.5.2019)
11 https://www.theverge.com/2016/11/13/13619148/trump-facebook-twitter-helped-win (Accepted date-8.5.2019)
12 https://www.google.com/search?biw=2000&bih=986&tbm=isch&sa=1&ei=23zaXKmMBergz7sPvPWcuAQ&q=Trump+won+the+election+by+Twitter&oq=Trump+won+the+election+by+Twitter&gs_l=img.12...0.0..1084...0.0..0.0.0.......0......gws-wiz-img.Gwf9HhHn1zo#imgrc=TyY8O38PzNvByM: (Accepted date-10.5.2019)




**ပုံ(၂) အမေရိကန်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် Twitter Social Media တွင်ပြုလုပ်ခဲ့သည့်မဲရလဒ်များ**

(ခ) **အာရပ်နွေဦး (Arab Spring)** ။ အာရပ်နွေဦးဟုခေါ်သည့် အာရပ်တော်လှန်ရေးသည် Social Media နှင့်ဆက်နွယ်၍ဖြစ်ပေါ်ခဲ့ပါသည်။ လေ့လာသုံးသပ်သူများမှ "Facebook ပုန်ကန်မှု" ဟုသတ်မှတ်ခဲ့ကြပြီး ၎င်းပြဿနာကိုလေ့လာတွေ့ရှိရသော ပညာရှင်အများစုက ထိုပုန်ကန်မှုသည် ပိုပြီးသတိထားရမည့်ကိစ္စတစ်ခုဖြစ်ကြောင်း မှတ်ယူခဲ့ကြပါသည်။[13] ဒုတိယဥပမာတစ်ရပ်အနေဖြင့် အာရပ်နိုင်ငံများတွင် လူမှုကွန်ယက်အသုံးပြုမှုသည် ရည်ရွယ်ချက်တူညီသောကိစ္စရပ်များတွင် အခြားအဖွဲ့အစည်းများ၊ တစ်ဦးတစ်ယောက်စသည်တို့နှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် အကောင်းဆုံးသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သောကြောင့် အဓိကအခန်းကဏ္ဍမှပါဝင်နေပါသည်။ အာရပ်နွေဦးတော်လှန်ရေးစတင်ခဲ့သည့် တူနီးရှားနိုင်ငံတွင် Social Media မှ အစပြုခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် များသောအားဖြင့် Facebook အသုံးပြုမှုသည် ဂျာနယ်လစ်အားလုံးတို့အတွက် လိုအပ်သည်များရှာဖွေရာတွင် အဓိကအရေးပါသောဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် တူနီးရှားနိုင်ငံသားများ၏ကျယ်ပြန့်သောဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ခဲ့ပါသည်။ တူနီးရှားတော်လှန်ရေးတွင် ပြည်သူလူထုသည် ၎င်းတို့၏အမြင်များနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့်အစီအစဉ်များကို Facebookတွင် တွင်တွင်ကျယ်ကျယ်ဖော်ပြခဲ့ကြသည်။ Facebook ၏အရေးပါမှုသည် မေ့ထား၍မရသောလူမှုကွန်ယက်တစ်ခုဖြစ်သည်။ ထို့အပြင် Facebook သည် Social Media တစ်ခုဖြစ်ခြင်းထက် နိုင်ငံရေးလက်နက်တစ်ခုလည်း

---

13 Social Media and Arab Spring: Politics comes first. (Accepted date–12.5.2019)

ဖြစ်သည်။ Facebook သည် လူမှုရေးကိစ္စများစုပေါင်းဖွဲ့စည်းပြီး တူနီးရှားသမ္မတ Ben Ali ၏အုပ်ချုပ်ရေးစနစ်ပြိုလဲသွားစေရန် အထောက်အကူပြုဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ခဲ့သည်။ အာရပ်နိုင်ငံများတွင် ၎င်းတို့၏အနာဂတ်မူဝါဒအစီအစဉ်များ၊ စစ်ရေးအင်အားနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရပါသည်။ Social Media သည် ပြည်သူလူထုကို နိုင်ငံရေးတွင်စိတ်ပါဝင်စားစေရန် လှုံ့ဆော်မှုပေးနိုင်ခြင်းကြောင့် အီဂျစ်လူမျိုးတို့သည် Facebook ကို အထူးကျေးဇူးတင်ကြောင်းပြောကြားခဲ့ပါသည်။[14] ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်စတင်ခဲ့သည့် အီဂျစ်တော်လှန်ရေးတွင် သမ္မတ Hosni Mubarak နှုတ်ထွက်ခြင်းနှင့်ပတ်သက်၍ လှုံ့ဆော်မှုနှင့်တော်လှန်မှုများသည် ဆိုရှယ်မီဒီယာအပေါ်အာရုံစိုက်မှုအများဆုံးခံခဲ့ရပြီး ၂၀၁၁ ခုနှစ်သည် Facebook တော်လှန်ရေးစတင်ခဲ့သောနှစ်ဟုလည်း သတ်မှတ်နိုင်ပါသည်။ ဆိုရှယ်မီဒီယာမှတစ်ဆင့် အစိုးရအားဆန့်ကျင်ရန်အတွက် အင်အားစုဆောင်းခြင်းများရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့သည် "အီဂျစ်ရဲတပ်ဖွဲ့နေ့" ဖြစ်ပြီး Cario, Alexanderia, Suezလမ်းမထက်တွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်မှုဖြစ်ရခြင်း၏နောက်ခံ၏အကြောင်းအရင်းမှာ ရဲတပ်ဖွဲ့၏မတရားသဖြင့်ညှဉ်းပမ်းနှိပ်စက်မှုကိုဆန္ဒပြခဲ့ခြင်းဖြစ်ပါသည်။ ယင်းအီဂျစ်လူမျိုးများ၏တော်လှန်မှုတွင် Facebook၊ Twitter ကဲ့သို့သော Social Media တို့သည် လှုံ့ဆော်သူများနှင့် ပုန်ကန်သူများအကြား အဓိကအရေးပါသောပေါင်းကူးတံတားသဖွယ်ဖြစ်ခဲ့ပါသည်။[15] အီဂျစ်တော်လှန်ရေးတွင် အစိုးရသည် Social Media မှတစ်ဆင့် သတင်းအချက်အလက်ပြန့်ပွားမှုကို ရပ်တန့်စေရန်ကြိုးပမ်းခဲ့သည်။ အီဂျစ်တော်လှန်ရေး၏အဆိုးရွားဆုံးအခြေအနေများအနက် အစိုးရအနေဖြင့် အီဂျစ်နိုင်ငံ၏အင်တာနက်ရရှိမှုကို ၅ ရက်တာဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုရှယ်မီဒီယာသည် နိုင်ငံရေးလှုပ်ရှားပြောင်းလဲမှုတွင် အဓိက

---

14 https://www.journalijdr.com/impact-social-media-arab-spring-special-emphasis-tunisia%E2%80%99s-uprising (Accepted date-8.5.2019)

15 https://www.ukessays.com/essays/media/role-social-media-egyptian-revolution-5657.php(Accepted date-11.5.2019)

သက်ရောက်မှုအရှိဆုံးအရာဖြစ်သည်။[16] ဆိုရှယ်မီဒီယာ၏အကျိုးသက်ရောက်မှုများသည် ဒီမိုကရေစီလမ်းကြောင်းဖြောင့်တန်းစေရန် အဓိကကျသောနေရာမှပါဝင်လာခဲ့ပါသည်။ ၂၁ ရာစုတွင် လူအများစုသည် Social Media ကို လူအချင်းချင်းဆက်သွယ်ရန်နှင့် အချက်အလက်များမျှဝေရန်အတွက် အသုံးပြုလာကြသည်။ ထို့အပြင် နိုင်ငံရေးနှင့် သက်ဆိုင်သောသတင်းအချက်အလက်များမျှဝေရာတွင်လည်းကောင်း၊ ဒီမိုကရေစီ ဖော်ဆောင်ရာတွင်လည်းကောင်း ဆိုရှယ်မီဒီယာသည် အရေးပါအရာရောက်ခဲ့သည်။ ဆိုရှယ်မီဒီယာလမ်းကြောင်းပေါ်မှတစ်ဆင့် နည်းလမ်းများစွာအသုံးပြုပြီး ဒီမိုကရေစီ တည်တံ့ခိုင်မြဲစေရန်အတွက် လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ ထို့အပြင် အစိုးရနှင့်ပြည်သူ အကြားရင်းနှီးမှုလည်းဖြစ်စေပြီး အခြေခံအကျဆုံးသောအမှန်တရားမှာ နိုင်ငံ၏အဆိုးနှင့် အကောင်းနှစ်ခုစလုံးတွင် ပြည်သူများ၏အာရုံစူးစိုက်မှုပိုရလာစေခြင်းဖြစ်ပါသည်။[17]

## မြန်မာနိုင်ငံတွင် Social Media ပျံ့နှံ့မှုနှင့် ထိန်းချုပ်မှု

၁၀။ မြန်မာနိုင်ငံတွင် Social Media ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာခြင်းနှင့်အတူ သတင်းအချက်အလက်များနှင့် အတွေးအခေါ်အယူအဆသစ်များကို ပိုမိုလက်ခံရရှိလာနိုင်သည်ကို တွေ့မြင်လာရပါသည်။ ထို့ပြင် အကြီးမားဆုံးသောအကျိုးအမြတ်မှာ အခြေခံအင်တာနက်သုံးစွဲမှုအဖြစ် Facebook အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသိသာသာပိုမိုသုံးစွဲလာကြခြင်းဖြစ်ပါသည်။ Smart ဖုန်းများနှင့်ဖုန်းဆင်းကတ်များ အရေအတွက်အကန့်အသတ်မရှိ အလွယ်တကူဝယ်ယူရရှိလာခဲ့သဖြင့် မိမိနေရပ်မှပြည်ပသို့သွားရောက်လုပ်ကိုင်နေကြသူများနှင့် ဆက်သွယ်နိုင်ရန်အတွက်လည်း Social Media ကများစွာအထောက်အကူပြုလျက်ရှိပါသည်။[18]

---

16 https://mystudentvoices.com/the-role-of-social-media-in-the-2011-egyptian-revolution-9867a5f32be1?gi=107c9ef9e11a (Accepted date-10.5.2019)

17 https://www.google.com/search?ei=WvvkXJHOBcLkvgS_qJ2gDQ&q=impact+of+social+media+on+democracy+pdf&oq=impact+of+social+media+on+democracy+pdf&gs_l=psy-ab.12..0i71l8.0.0..104160...0.0..0.0.0.......0......gws-wiz.x-6PfTFfxoY Effect of social media on democratization. (Accepted date–12.5.2019)

18 https://www.academia.edu/35809249/Social_media_Facebook_and_citizenship_in_Myanmar (Accepted date–8.5.2019)

၁၁။ နိုင်ငံတကာစစ်တမ်းများကိုလေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံရှိ Social Media ထိုးဖောက်ဝင်ရောက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်းအသီးသီးရှိလာပြီး တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးတက်ကျယ်ပြန့်လာသည်ကို တွေ့ရှိရပါသည်။[19] Digital 2019 Myanmar အစီရင်ခံစာအရ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိသည့်အနက် Mobile Phone ဝယ်ယူသုံးစွဲမှုအရေအတွက်မှာ ၅၆.၅၇ သန်းဖြစ်ပြီး လူဦးရေစုစုပေါင်းရာခိုင်နှုန်းထက် ၅ ရာခိုင်နှုန်းကျော်လွန်ကာ သုံးစွဲလျက်ရှိနေကြသည်ကိုတွေ့ရှိရပါသည်။ ထို့ပြင် အင်တာနက်သုံးစွဲမှု ၂၁ သန်း၊ Social Media သုံးစွဲမှု ၂၁ သန်းနှင့် Mobile Phone ဖြင့် Social Media သုံးစွဲမှု ၂၁ သန်းရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲမှုနှုန်းမှာ ၃၉ရာခိုင်နှုန်းအသီးသီးရှိကြကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် Social Media သုံးစွဲမှုမြင့်တက်လာသည်နှင့်အမျှ မကောင်းသောအကျိုးဆက်အဖြစ် မှုခင်းဖြစ်ပွားမှု Cyber Crime အရေအတွက်မှာလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာပါသည်။[20] ၂၀၁၃ ခုနှစ်တွင် မှုခင်းအရေအတွက် (၂)မှု၊ ၂၀၁၄ ခုနှစ်တွင် (၆) မှု၊ ၂၀၁၅ ခုနှစ်တွင် (၅၃) မှု၊ ၂၀၁၆ ခုနှစ်တွင် (၂၈၁) မှုနှင့် ၂၀၁၇ ခုနှစ်တွင် (၁၉၃)မှု စုစုပေါင်း (၅၃၅) မှုရှိခဲ့ပါသည်။[21] (ပုံ-၃) ထို့အပြင် မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်နိုင်ငံ (၃၈) နိုင်ငံများအကြား Cyber ဆိုင်ရာလုံခြုံမှုရှိ/မရှိနှင့်ပတ်သက်၍တိုင်းတာမှုပြုလုပ်ခဲ့ရာ ရမှတ် ၀.၁၇၂ဖြင့် ဒေသတွင်းအဆင့် (၂၆)နှင့် တစ်ကမ္ဘာလုံးအဆင့်တွင် (၁၂၈) ရရှိခဲ့ကြောင်း Global Cybersecurity Index (GCI) 2018 မှ ဖော်ပြထားပါသည်။[22]

---

[19] https://www.statista.com/statistics/883751/myanmar-social-media-penetration/ (Accepted date-6.5.2019)

[20] http://themimu.info/sites/themimu.info/files/documents/Report_Digital_2019_Myanmar_Kepios_Jan2019.pdf (Accepted date-11.5.2019)

[21] https://www.doj.gov.ph/files/OOC/OOC%20-%20TOT/Cybercrime%20Situation%20in%20Myanmar.pdf (Accepted date-8.5.2019)

[22] https://www.itu.int/en/ITU-D/Cybersecurity/Documents/draft-18-00706_Global-Cybersecurity-Index-EV5_print_2.pdf (Accepted date-6.5.2019)




**ပုံ(၃)တစ်နိုင်ငံလုံးရှိ Mobile Phone၊ Internet၊ Social Mediaသုံးစွဲမှုနှင့် Cyber မှုခင်းများအရေအတွက်**

၁၂။ မြန်မာနိုင်ငံတွင် Social Media ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တတိယမဏ္ဍိုင် (၄)ရပ်၊ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် သဘောတူညီချက်(၁၃)ချက်ကို သတ်မှတ်နိုင်ခဲ့ပြီး အချက်(၁၀)ချက်ပါအကြောင်းအရာများအရ **"သတင်းအတု/အယောင်များ၊ သတင်းအမှားများ၊ ရေးသားဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများကဖော်ထုတ်ပြီး ပြည်သူလူထုသို့အသိပေးဖြန့်ဝေသွားရန်"** ဆိုသောအချက်ပါဝင်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် အဘက်ဘက်မှစိစစ်မှုပြုလုပ်ပြီးနောက် Online Media များတွင် သတင်းခိုးယူနေသည့် Website နှင့် Social Media Page များ၏အမည်စာရင်းများကိုထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့မှာ (က) Pho Thu Taw (ခ) Dagaung (ဂ) Myanmar Daily Feed (ဃ) မြန်မာ့သတင်းဦး သတင်းထူးများ @naDinSar-1 (င) မြန်မာ့သတင်းစုံ (Myanma Tadinsone) (စ) ZeeKwat-ဇီးကွက် (ဆ) Shwe Wiki (ဇ) Shwe Mon (ဈ) Yuyalay (ည) Apann Pyay (ဋ) ACHITL WINPYIN (ဌ) Lwin Pyin (ဍ) လှတောသား Hlataw.com (ဎ) တိုလီမိုလီကုမ္ပဏီ (ဏ) Thadinhtoo (တ) သမီးလေးဖတ်ဖို့ Knowledge (ထ) Myanmar Breaking News (ဒ) MyanmarLive လတ်တလောမြန်မာသတင်းများ (ဓ) တောသူ Taw Thu (န) Apyo Lay (ဖြစ်ရပ်မှန်သတင်းထူးများဟုအမည်ပြောင်းထားသည်) (ပ) Nanmalgyi

(ဖ) Focus Myanmar– Latest Updates in Myanmar (ဗ) Lat Khat Than (ဘ) Burmese .asia Media News & Entertainment (မ) သုတကြယ် Thutastar (ယ) Daily Feed (ရ) Myanmar News Plus (လ) Achitlwin Pyin–news Daily Time (ဝ) The Lifestyle Myanmar (သ) Beautiful Myanmarနှင့် (ဟ) OK သတင်းစုံ စသည်တို့ပါဝင်နေပါသည်။[23]

**မြန်မာ့လွှတ်တော်နှင့် ဆိုရှယ်မီဒီယာ**

၁၃။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ၁၂ ခုတို့တွင် Website နှင့် Facebook ကဲ့သို့သောလူမှုကွန်ယက် စာမျက်နှာများဖွင့်လှစ်ကာ သတင်းပြန်ကြားရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးလွှတ်တော်များဖြစ်ကြသော ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးနှင့် ပြည်နယ်လွှတ်တော်များဖြစ်ကြသော မွန်၊ ရှမ်း၊ ကရင်နှင့် ကချင်တို့တွင် Facebook Page များဖွင့်လှစ်ထားသည်။ ကျန်ရှိသောပြည်နယ်များတွင် Facebook ဖွင့်ထားခြင်းများမတွေ့ရပါ။ လွှတ်တော်များ၏လူမှုကွန်ယက်တွင် အောက်ပါအကြောင်းအရာများကို ထည့်သွင်းဖော်ပြထားပါသည်–

(က) ဥပဒေကြမ်းများ၊

(ခ) လွှတ်တော်ကော်မတီအစည်းအဝေးများ၊

(ဂ) လွှတ်တော်အစည်းအဝေးများ၊

(ဃ) လွှတ်တော်အစည်းအဝေး တိုက်ရိုက်ထုတ်လွှင့်မှုများ၊

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ၊

(စ) အခမ်းအနားများ၊

(ဆ) လွှတ်တော်အလုပ်ရုံဆွေးနွေးပွဲများ။

၁၄။ Facebook စာမျက်နှာဖွင့်၍ သတင်းပြန်ကြားရေးဆောင်ရွက်နေသော လွှတ်တော်များအနက် ပြည်သူ့လွှတ်တော်သည် like အများဆုံးရရှိထားပြီး ၂၀၁၉ ခုနှစ်၊ မေလ၏ပထမအပတ်အတွင်း ဝင်ရောက်ဖတ်ရှုသူအရေအတွက် တစ်သိန်းကျော်ဖြင့် အများပြည်သူနှင့်ထိတွေ့မှုအများဆုံးဖြစ်ကြောင်း တစ်ဖက်ပါကားချပ်အရ လေ့လာတွေ့ရှိရပါသည်–

[23] Myanma Alinn Daily (Accepted date- 28.5.2019)




**ပုံ (၄) မြန်မာနိုင်ငံရှိလွှတ်တော်များ၏လူမှုကွန်ယက် Facebook တွင်ဝင်ရောက်ကြည့်ရှုမှု**[24]

**နိုင်ငံရေးပါတီများနှင့် Social Media**

၁၅။ မြန်မာနိုင်ငံရှိနိုင်ငံရေးပါတီများအနေဖြင့် Social Media ကိုအသုံးပြု၍ လူထုစိတ်ဝင်စားမှု ရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရေးပါတီများအလိုက် Facebook လူမှုကွန်ယက်တွင် like ရရှိမှုအခြေအနေအား အောက်ဖော်ပြပါပုံ(၅)တွင် လေ့လာနိုင်ပါသည်။




**ပုံ(၅) မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများ၏ Facebook Page များတွင် Like ရရှိမှုအခြေအနေပြဇယား**

24 Social media development Myanmar – SMDM (Accepted date-12.5.2019)

၁၇။ ထို့အပြင် Facebook လူမှုကွန်ယက်တွင် ပါတီအလိုက်လှုပ်ရှားဆောင်ရွက်မှုများကို အောက်ဖော်ပြပါပုံ(၆)တွင်လေ့လာတွေ့ရှိနိုင်ပါသည်။[25]




**ပုံ (၆) Facebook Page များတွင် နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုရာခိုင်နှုန်း**

| စဉ် | ပါတီ | like ရရှိမှုအကြိမ်ရေ | လှုပ်ရှားမှုအကြိမ်ရေ |
|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) | ၂၈၀၀၀၀၀+ | ၁၅+ |
| ၂။ | အမျိုးသားတိုးတက်ရေးပါတီ (NDP) | ၃၂၀၀၀၀+ | ၂၃+ |
| ၃။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) | ၃၀၀၀၀၀+ | ၂၁၅+ |
| ၄။ | ရခိုင်အမျိုးသားပါတီ (ANP) | ၃၄၀၀၀+ | ၁၄+ |
| ၅။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) | ၂၃၀၀၀+ | ၀ |
| ၆။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(SNDP) | ၉၁၀၀+ | ၁+ |
| ၇။ | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) | ၈၅၀၀+ | ၆+ |
| ၈။ | အမျိုးသားဒီမိုကရေစီအင်အားစု (NDF) | ၈၃၀၀+ | ၄၅+ |
| ၉။ | ပြည်သူ့ပါတီ (People’s Party) | ၅၄၀၀+ | ၁၉+ |
| ၁၀။ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (CNDP) | ၅၁၀၀+ | ၅+ |

[25] Social media development Myanmar – SMDM (Accepted date-12.5.2019)

**Social Media နှင့်ဆက်စပ်ဥပဒေများ**

၁၆။ မြန်မာနိုင်ငံအစိုးရအနေဖြင့် Social Media ကဏ္ဍအတွက် အထောက်အကူပြုပေးနေသည့် သတင်းမီဒီယာလုပ်ငန်းများကို စတုတ္ထမဏ္ဍိုင်အဖြစ်ပီပြင်စွာရပ်တည်နိုင်ပြီး လွတ်လပ်စွာရေးသား ထုတ်ဝေဖြန့်ချီခွင့်ရှိစေရန်၊ သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များအပြည့်အဝရရှိစေရန်၊ လိုက်နာရမည့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့်ကျင့်စဉ်များ၊ နိုင်ငံသားတိုင်း၏သတင်းရပိုင်ခွင့်ကိုဖြည့်ဆည်းပေးရန်နှင့် တိုင်ကြားချက်၊ အငြင်းပွားချက်များကို ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်၍ **"သတင်းမီဒီယာဥပဒေ"**ကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။[26] ထို့အပြင် သတင်းအချက်အလက်၊ စာရွက်စာတမ်း၊ စာစောင်များနှင့်ပုံကြမ်းများ၊ ပုံစံနမူနာများအစရှိသည်တို့အား တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ၊ အားလုံးဖြစ်စေတရားမဝင်ကူးယူဖော်ပြခြင်းနှင့် လွှဲပြောင်းလက်ခံရယူခြင်း၊ စစ်ဘက်ဆိုင်ရာဆက်သွယ်ရေးစနစ်များကို ချိုးဖောက်ဝင်ရောက်ခြင်း၊ သတင်းအချက်အလက်များရယူခြင်း၊ အစိုးရမှထုတ်ပြန်ထားသည့် လျှို့ဝှက်စာရွက်စာတမ်းများအားရယူခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းများအတွက် **"လျှို့ဝှက်အက်ဥပဒေ (၁၉၂၃)"**ကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။[27] အလားတူ အီလက်ထရောနစ်နှင့်ပတ်သက်သည့်မှတ်တမ်းများ၊ အချက်အလက်သတင်းလွှာများနှင့် ကွန်ပျူတာပရိုဂရမ်တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မရိုးဖြောင့်သောသဘောဖြင့်ပေးပို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ခိုးယူဖျက်ဆီးခြင်းနှင့်ထိခိုက်ဆုံးရှုံးစေခြင်းနှင့် ပြစ်မှုအားအရေးယူစီရင်ခြင်းများအတွက် ၂၀၀၄ခုနှစ်တွင် **"အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ"**ကိုပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သို့မဟုတ် ခြိမ်းခြောက်ခြင်းများကိုပြုလုပ်ပါက **"ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ(ဃ)"**အရ အရေးယူခြင်းခံရမည်ဖြစ်သည်။[28]

**အမြင်နှင့်သုံးသပ်ချက်များ**

၁၇။ Social Media သည် အလွှာပေါင်းများစွာကို ပေါင်းစည်းထားသည့်အတွက် မှန်ကန်စွာအသုံးချနိုင်မည်ဆိုပါက ပြည်သူလူထုသို့ အသိပညာများကိုအသိပေးမျှဝေပေးနိုင်ခြင်း၊ သိရှိလိုသည့်အချက်အလက်များအား အချိန်တိုအတွင်းရှာဖွေသိရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ

---

[26] http://www.amyotha.hluttaw.mm/ (Accepted date-6.5.2019)

[27] https://www.myanmarconstitutionaltribunal.org.mm/lawdatabase/my/timeline (Accepted date-8.5.2019)

[28] https://www.motc.gov.mm(Accepted date-7.5.2019)

တိုးတက်လာနိုင်ခြင်း၊ ပညာရေးအတွက် များစွာအထောက်အကူပြုခြင်းနှင့်နိုင်ငံ၏နောက်ဆုံး အခြေအနေနှင့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ခြင်း စသည့်အကျိုးအမြတ် များစွာရရှိနိုင်သည်ဟု မြန်မာတိုင်းမ်ဂျာနယ်၏ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားပါသည်။ သို့သော် မြန်မာပြည်သူလူထုသည် Social Media နှင့်ခေတ်မီနည်းပညာများကို နားလည်သဘောပေါက်မှု အားနည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များနည်းပါးခြင်းနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များမရှိခြင်း တို့အပေါ် နည်းပညာဆိုင်ရာပုဂ္ဂိုလ်များက သုံးသပ်ထားပါသည်။[29] Social Media မှတစ်ဆင့် နည်းပညာခေတ်သို့ ပြောင်းလဲသွားသည့်အဆင့်တိုင်းကိုကြည့်ရှုလေ့လာနိုင်ပြီး ၎င်းမှတစ်ဆင့်လည်း နှောင့်ယှက်ဖျက်ဆီးသူ Hacker များအတွက် ခိုးဝင်နှောင့်ယှက်နိုင်သည့်ဟာကွက်များရှိနေဆဲဖြစ် ကြောင်းတွေ့ရှိရပါသည်။[30] ယနေ့ခေတ် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းမြင့်တက်လာရသည့် အဓိက အကြောင်းအရင်းအား လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက Social Media ကိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်မှုကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှပြောကြားခဲ့ပါသည်။[31] ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များမှ Social Media (အဓိကအားဖြင့် Facebook) အလွန်အကျွံသုံးစွဲခြင်း ကြောင့် အိပ်စက်ချိန်လျော့နည်းလာပြီး စိတ်ကျရောဂါခံစားကြရသည့် ကျန်းမာရေးအကျိုးဆက် များစွာရှိကြောင်း ထောက်ပြခဲ့ကြပါသည်။ သို့သော် လူငယ်အများစုမှာ Social Media ပေါ်တွင် မိမိ၏စိတ်ခံစားချက်များနှင့်အခြေအနေများကို ထုတ်ဖော်ပြသကြကာ ရရှိလာသော Like တစ်ခုသည် ဦးနှောက်၏လုပ်ဆောင်မှုများကိုလှုံ့ဆော်မှုပေးပြီး ပိုမိုတိုးတက်မှုရှိလာကြသည်ဟုဆိုပါသည်။[32] ထို့ပြင် Social Media ကပံ့ပိုးပေးထားသည့် နိုင်ငံရေးဆိုင်ရာသတင်းအချက်အလက်များက ဆန္ဒမဲပေးသူ တစ်ဦး၏စိတ်ဆုံးဖြတ်မှုကို လွှမ်းမိုးပြောင်းလဲနိုင်သည်ကို တွေ့မြင်ရပါသည်။ နိုင်ငံရေးကဏ္ဍတွင်လည်း ပြည်သူများသည် သတင်းအချက်အလက်များကို Social Media တွင် ဖတ်ရှုရယူနိုင်သည့်အတွက် ရွေးကောက်ပွဲရလဒ်ကိုကြိုတင်ခန့်မှန်းနိုင်ပြီး ရွေးကောက်ပွဲတွင်ပါဝင်လာမှုနှုန်းကိုလည်း ပိုမိုတိုးမြှင့်

---

29 https://www.doj.gov.ph/files/OOC/OOC%20-%20TOT/Cybercrime%20Situation%20in%20Myanmar.pdf (Accepted date-11.5.2019)

30 https://www.mmtimes.com/lifestyle/26414-the-two-faces-of-social-media.html (Accepted date -15.5.2019)

31 https://elevenmyanmar.com/news/extensive-use-of-social-media-is-one-of-the-root-causes-of- crimes-dy-minister (Accepted date-13.5.2019)

32 https://www.mmtimes.com/lifestyle/26414-the-two-faces-of-social-media.html (Accepted date-12.5.2019)

လာစေနိုင်ကြောင်း Verba, Schlozman, and Brady တို့ရေးသားပြုစုတင်ပြထားသည့် Voice and Equality တွင်ဖော်ပြထားပါသည်။[33]

**နိဂုံး**

၁၈။ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတစ်လျှောက် Social Media သည် ဆွေးနွေးဝေဖန်မှုပြုလုပ်နိုင်သည့် နေရာတစ်ခုအသွင်ပြောင်းလဲလာခဲ့သည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် Social Media ကိုနည်းစနစ်မှန်မှန်အသုံးပြုခြင်းဖြင့် လူမှုဘဝအတွက် အဖက်ဖက်မှအကျိုး အမြတ်များစွာရရှိနိုင်သကဲ့သို့ မြန်မာနိုင်ငံတွင် Social Media အတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ပေးထားမှုအားနည်းခြင်း၊ အသိအမြင်နှင့်ဗဟုသုတနည်းပါးခြင်းများကြောင့် Social Media ၏အသုံးချခံလူသားများဖြစ်လာကြပြီး ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းကို မြင့်တက်လာစေသည်ကိုလည်း တွေ့မြင်နေရပါသည်။ ထို့ကြောင့် Social Media ကဏ္ဍအား အဆင့်မြှင့်တင်နိုင်ရန်၊ နည်းပညာပိုင်း ဆိုင်ရာအသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုများကိုလေ့လာဆန်းစစ်ပြီး Social Media အသုံးပြုသူများအတွက် လုံခြုံမှု အပြည့်အဝပေးနိုင်သည့် အသိုက်အဝန်းတစ်ခုကို ဖန်တီးပေးနိုင်ရန်မှာ လွန်စွာအရေးကြီးလှပါသည်။ ဤစာတမ်းတိုကိုဖတ်ရှုခြင်းဖြင့် Social Media ၏အရေးပါပုံကိုသိမြင်နိုင်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားသောလူနေမှုဘဝများအား မည်မျှလွှမ်းခြုံနိုင်သည်ကိုပါ လေ့လာဆန်းစစ်သိမြင်လာနိုင်မည် ဖြစ်ကြောင်း လေ့လာစုစည်းတင်ပြအပ်ပါသည်။

[33] https://kb.osu.edu/handle/1811/81616 (Accepted date-10.5.2019)